# တပည့်တော်ဖြစ်ခြင်း ဆောင်ရွက်ခြင်း

ပေါလ်ကာလ်လီဂန်

၁၉၉၇ခုနှစ်တွင် ဘုရားသခင်၏ ဖိတ်ခေါ်ခြင်းကို တုံ့ပြန်ပြီးနောက်၊ တမန်တော် အမှုတော်လုပ်ငန်းသည် ပွင့်သစ်စ အချိန်တွင် ဩစတေလျ နိုးကြားရေးသာသနာကို ၁၉၉၈၊ ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့သည်။ ကျွန်တော်တို့၏ လုပ်ငန်းတာဝန်မှာ မဟာစေခိုင်းချက်ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် **"လူမျိုးတကာတို့ကို တပည့်တော်ဖြစ်စေရန်"(မာသဲ၂၈း၁၉)** ဆက်ကပ်အပ်နှံခဲ့သည်။ ထိုအရာသည် ကျွန်တော်တို့ အခြေပြုနေထိုင်သည့် Toowoomba Australia (တူးဝမ်ဘာ ဩစတေးလျ)တွင် အဓိကလုပ်ဆောင်နေသော အရာဖြစ်၍ ကမ္ဘာ့တိုင်းနိုင်ငံ အသီးသီးတွင်လည်း သွားရောက်လုပ်ဆောင်ရပါသည်။

၂၀၁၉ခုနှစ်တွင် ကျွန်တော်တို့အဖွဲ့ သုံးဦးသည် မြန်မာနိုင်ငံတွင် လက်တွေ့ တပည့်တော်ဖြစ်ခြင်း သင်တန်း လုပ်ဆောင်ရန် အခွင့်ကောင်းရရှိခဲ့သည်။ သင်တန်းတွင် ကျွန်တော်တို့နှင့်အတူ တပည့်တော် ၂၅ဦး ပါဝင်၍ ကိုးရက်လုံးလုံး မနက်၈း၁၀ မှ ညနေ၄း၁၀အထိ နူတ်ကပတ်တော် သင်ကြားပို့ချခဲ့သည်။ သင်းတန်းသားထဲမှ အချို့သော သူတို့သည် "အသင်းတော် တည်ထောင်သူများ" ဖြစ်ကြသည်။ ထိုသို့ ယေရှုသည် "အသင်းတော်များ တည်ထောင်ရန် သွားဖို့" ကျွန်တော်တို့ကို တာဝန်ပေးအပ်သည်မဟုတ်၊ သို့သော် "တပည့်တော်များ ဖြစ်စေရန် သွားဖို့" ကျွန်တော်တို့ကို တာဝန်ပေးအပ်ထားသည်။ ဤအရာသည် ကျွန်တော်တို့၏ အလုပ်ဖြစ်၍၊ ဤအရာသည် အသင်းတော်အားလုံးနှင့် အမှုတော်လုပ်ငန်းတိုင်း၏ ပထမအဆင့် အာရုံစိုက်မည့်အရာ ဖြစ်သင့်သည်။ အကယ်၍ လူတစ်ဦးသည် ခေါ်ဖိတ်ခြင်းခံရလျှင် နာခံခြင်းဖြင့် သွား၍၊ တပည့်တော် ဖြစ်စေရပါမည်။ ထိုသို့ ထိုပုဂ္ဂိုလ်သည် အသင်းတော် တည်ထောင်ပြီးဖြစ်သည်။ သွန်သင်ပေးခြင်းကို ခံနေရသည့် တပည့်များဖြစ်သည့် ဆရာသမားနှင့် အတူတကွ စုဝေးခြင်းကို အသင်းတော် အစည်းအဝေးပြုလုပ်ခြင်း ဟုခေါ်သည်။ အကယ်၍ အသင်းတော် အားလုံးသည် အသင်းတော်၌ ရောက်ရှိလာသော ယုံကြည်သူများအား တပည့်တော်ဖြစ်စေလျှင် ကြီးမားသော ထူးခြားမှု ကမ္ဘာပေါ်တွင် မည်မျှပြင် ရှိလာမည်ကို သင်စိတ်ကူးဖူးပါသလား။

## ၁။ တပည့်တော်ဖြစ်စေခြင်းသည် ဘဝ၏အပြုအမူ တစ်ခုဖြစ်သည်- ကျွန်တော်တို့သည် ဆက်ကပ်အပ်နှံသော ခရစ်ယာန်များကဲ့သို့ မည်သို့ အသက်ရှင်မည်နည်း။

ဖေက်အသင်းတော်ထံသို့ ယေရှုပြောခဲ့သည်မှာ၊ **"သင်သည် ရှေ့ဦးစွာသော ချစ်ခြင်းမေတ္တာ လျော့ပြီဟု သင်၌ အပြစ်တင်စရာရှိ၏။ ထို့ကြောင့်၊ သင်သည် မရွေ့လျော့မှီ အရင်နေရာအရပ်ကို အောက်မေ့လော့။ နောင်တရလော့။ ရှေ့ဦးစွာသော အကျင့်ကို ကျင့်လော့"(ဗျာဒိတ်၂း၄-၅က)**။ အကယ်၍ အသင်းတော်သည် ပထမ လုပ်ခဲ့သော အလုပ်၌ ပြန်လှည့်လာလျှင် သူတို့၏ ချစ်ခြင်းမေတ္တာသည် နဂိုအတိုင်း ပြန်ဖြစ်လာမည်ကို ယေရှုသိထားသည်။ ကျွန်တော်တို့ မေးရမည့် မေးခွန်းမှာ **"ပထမအလုပ် ဆိုတာဘာလဲ"**။ ဤမေးခွန်း၏ အဖြေမှာ **တမန်တော်ဝတ္ထု ၂**တွင် **ပထမအသင်းတော်**သည် မည်သည့်အရာ လုပ်ဆောင်၍၊ ကျင့်ကြံကြသည်ကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်သည်။

ပင်တေကုတ္တေနေ့၌ ရှင်ပေတရုသည် အစွမ်းတန်ခိုးကြီးစွာဖြင့် ဟောပြောသည့်အခါ ယေရှုသည် ဓမ္မဟောင်းကျမ်းမှ ပရောဖက်ပြုထားသည့် ခရစ်တော်ဖြစ်ကြောင်း သက်သေပြခဲ့၍ မြောက်များစွာသော လူတို့သည် တုံပြန်ကြသည်ကို တွေ့နိုင်သည်။ **တမန် ၂း၄၁တွင် "ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကိုခံ၍၊ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သော သူတို့သည် ဝင်ကြ၏"**။ အထက်ခန်း၌ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာသည့် အချိန်၌ ရှိနေကြသော လူအယောက် (၁၂၀)၌ ဤယုံကြည်သူအားလုံး ထပ်ဖြည့်ခြင်းဖြစ်သည်။

ယုံကြည်သူ ထောင်ချီဖြင့် ဖွဲ့စည်းထားသော အသင်းတော်သစ်သည် မည်သည့်အရာ လုပ်ဆောင်ကြသည်ကို **တမန် ၂း၄၂တွင်** ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ **"ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏"**။ ဤအရာများသည် သူတို့ လုပ်ဆောင်ကြသော ပထမအလုပ်ဟု ကျွန်တော်တို့ ပြောနိုင်သည်။ ဤသင်းတော်သည် ယေရှုအတွက် မီးကဲ့သို့ တောက်လောင်နေသည်။ သူတို့သည် ဗတ္တိဇံခံယူပြီးနောက် ဧဝံဂေလိ သတင်းကောင်းနှင့် အသက်တာ၏ အပြုအမူသည် မူလအရင်းအမြစ်သို့ လှည့်ပြောင်းသွားသည်။ ပထမလုပ်ဆောင်သည့် အရာနှင့် **တမန်၂း၄၃-၄၇**၌ မည်သို့ အသက်ရှင်ကြသည့်အကြောင်း ရေးသားဖော်ပြချက် အပြည့်အစုံ လေ့လာခြင်းမပြုမီ တမန်တော် အခန်းကြီး၂ တစ်ခုလုံးကို လေ့လာကြည့်ရှု့ရန် လိုအပ်သည်။

- ယေရှုသည် **"ဘုရားသခင်သည် လက်ျာလက်တော်နှင့် ချီးမြှင့်တော်မူသဖြင့်၊ ထိုသခင်သည် ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသော ဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီးဖြစ်၍" (တမန်၂း၃၃)** သန့်ရှင်းသော ဝိညာဉ်တော် ကို သွန်းလောင်းခဲ့သည်။
- ရှင်ပေတရုသည် ယေရှု၏ သမ္မာတရား အကြောင်းကို၊ **"သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် ခရစ်တော်အရာ၌၎င်း၊ အစိုးရသော အရှင်အရာ၌၎င်း ခန့်ထားတော်မူသည်" (တမန် ၂း ၃၆)** ဟု ဟောပြောလိုက်သောအခါ၊ များစွာသော လူတို့ကို သိသိသာသာ နားလည်စေ၍၊ **"စိတ်နှလုံး ပူပန်ခြင်းရှိ၍"(ငယ်၃၇)**၊ တရားဟောချက်အား တုန့်ပြန်လိုကြသည်။
- ယေရှုပေးထားသော သော့များကို ရှင်ပေတရု အသုံးပြုလိုက်သည်**(မာသဲ ၁၆း ၁၉)**၊ **"ပေတရုကလည်း၊ သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကို ခံကြလော့။ ထိုသို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်"(တမန် ၂း၃၈)**ဟု ပြောကြားခဲ့သည်။ ရှင်ပေတရု၏ သွန်သင်ပေးချက်ကို ယနေ့ခေတ် အသင်းတော်က နားလည်မှု လွဲချော်၍ လိုက်နာခြင်းလည်း မပြုခဲ့ကြပါ။ **တမန် ၈း၁၆နှင့် တမန် ၁၉း၅**ရှိ သွန်သင်ချက်နှင့် အတည်ပြုချက်သည် အလွန်ရှင်းလင်းသော်လည်း ယေရှုခရစ်၏ နာမဖြင့် ဗတ္တိဇံခံယူခြင်းသည် မြောက်များစွာသော ငြင်းပွားစရာရှိသည်။ ထိုအပြင် ယုံကြည်သူ အသစ်များသည် ရေဗတ္တိဇံ ခံယူပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးရရှိခြင်း အကြောင်းကို လူအများတို့က မမျှော်လင့်ကြပေ။

ဤအရာများသည် ကနဦးအသင်းတော်၏ ပထမလုပ်ဆောင်ချက်ဖြစ်၍ အခြေခံအုပ်မြစ် အတွေ့အကြုံများ ဖြစ်ကြသည်။

ပထမလုပ်ငန်းတွင် အချက်(၄)ချက်ရှိသည်။ တမန်၂ ရှိ ထောင်ချီရှိသော ယုံကြည်သူများသည် ဤချက်(၄)ချက်ကို လိုက်နာဆောင်ရွက်ကြသည်။

**က။ တမန်တော်တို့၏ ဆုံးမဩဝါဒ။** တမန်တော်တို့၏ ဆုံးမဩဝါဒသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ကြားပေးခြင်းဖြစ်၍၊ ထိုနှုတ်ကပတ်တော်သည် တမန်တော်တို့ထံ ရောက်ရှိလာသော ဘုရားသခင်၏ ဗျာဒိတ်ရူပါရုံဖြစ်သည်။ ဘုရားသခင်သည် **"ပဌမအရာ၌ တမန်တော်တို့ကိုင်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကိုင်း၊ တတိယအရာ၌ ဆရာတို့ကိုင်း"(၁ကော ၁၂း၂၈)** ခန့်ထားတော်မူသည်။ ဤအမှုတော်လုပ်ငန်း သုံးခု၏ တာဝန်မှာ၊ ဘုရားသခင်ထံမှလာသော နှုတ်ကပတ်တော်အား ပရောဖက်နည်းဖြင့် နားလည်သသဘောပေါက်စေခြင်း၊ တန်ဆာဆင်ခြင်းနှင့် ဆရာတစ်ဦးသည် နှုတ်ကပတ်တော်ကို ပြန်လည်သင်ကြားပေးနိုင်ခြင်း တာဝန်ဝတ္တရား အသီးသီးရှိကြသည်။ တမန်တော်များနှင့် ပရောဖက်များကို နဂိုအတိုင်း ပြန်ဖြစ်ရန် ကျွန်တော်တို့ လိုအပ်သည် **(ဖေက် ၂း၂၀၊ ၃း၅)**။ အသင်းတော်တွင် နှုတ်ကပတ်တော်၏ ကောင်းမွန်စွာ ချထားရန် လိုအပ်သည်။ ထို့ကြောင့် ဆရာသမားများသည် နှုတ်ကပတ်တော်ကို သွန်သင်ပေးရမည်။

**ခ။ မိတ်သဟာရယဖွဲ့ခြင်း။** မိတ်သဟာယဖွဲ့ခြင်းသည် အခြားသူများနှင့် ကျွန်တော်တို့ နေထိုင်သည့် နေရာတွင် အတူတကွ စုဝေးခြင်းဖြစ်သည်။ ဥပမာ- အိမ်၌စုဝေးခြင်းဖြစ်သည်။ **"ယုံကြည်သောသူ အပေါင်းတို့သည် တစ်စုတစ်ဝေးတည်း နေကြသဖြင့်... ကိုယ့်အိမ်၌ မုန့်ကိုဖဲ့လျှက်"(တမန် ၂း၄၄-၄၆)**။ ယုံကြည်သူများအကြား နက်နဲသော ဂရုစိုက်ခြင်းနှင့် မျှဝေခြင်းများ ပြုကြသည်။ သူတို့သည် **"မိမိဥစ္စာ ပစ္စည်းများကို"** ရောင်းပြီးလျှင် ခရစ်ယာန်အသိုင်းအဝိုင်းတွင် အကူအညီ လိုအပ်သူများကို ကူညီပေးကြသည်**(တမန် ၂း၄၅)**။

**ဂ။ မုန့်ကို ချိုးဖဲ့ခြင်း။** မုန့်ချိုးဖဲ့ခြင်းအားဖြင့် ယေရှုကို ကျွန်တော်တို့ ပြန်လည် သတိရရန်ဖြစ်သည်။ ကနဦး အသင်းတော်သည် **"တစ်အိမ်ပြီး တစ်အိမ်"** မုန့်ကိုဖဲ့၍ သုံးဆောင်ကြသည်**(တမန် ၂း၄-၆)**။ ဤအရာသည် သူတို့ ကျင့်သုံးနေသော အရာဖြစ်သည်။ နောက်ပိုင်း၌ "တနင်္ဂနွေ အသင်းတော်" ဝတ်ပြုအစည်းအဝေး လုပ်ခြင်းနှင့် တစ်ပတ်တစ်ကြိမ် မုန့်ဖဲ့ခြင်းကို ကျင့်သုံးလာကြသည်။ ကံစိုးစွာဖြင့်၊ အချို့အသင်းတော်တို့တွင် တစ်ပတ်တစ်ကြိမ် မုန့်ဖဲ့ခြင်း မပြုလုပ်သော အသင်းတော်လည်း ရှိနေသေးသည်။ မုန့်ကိုဖဲ့ခြင်းသည် ကျွန်တော်တို့ အပြစ်များအတွက် ယေရှု အသေခံပေးခြင်း၊ ယေရှု အသွေးတော်အားဖြင့် ပဋိညာဉ်တရားနှင့်ဆိုင်သော ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းနှင့် **"ပြန်လည်ကြွလာခြင်း"**ကို မျှော်လင့်ခြင်းဖြစ်သည် **(၁ကော ၁၁း၂၃-၂၆)**။

**ဃ။ ဆုတောင်းခြင်း။** ကျွန်တော်တို့ အတူတကွ ဆုတောင်းရန် လိုအပ်သည်။ **၁တိ၂း၁-၂**တွင် ကျွန်တော်တို့ မည်သူ့တွက် ဆုတောင်းသင့်ကြောင်း- ၁)။ လူတိုင်းအတွက် ၂)။ မင်းအာဏာရှိသော သူတို့အတွက် ဆုတောင်းရမည်ဟု ကျွန်ုပ်တို့အား ပြောပြထားသည်။ အကျိုးရလဒ်အနေဖြင့် ကျွန်တော်တို့၏ အိမ်နီးနားချင်းနှင့် တိုင်းပြည်တွင် ငြိမ်သက်ခြင်း ရှိမည်ဖြစ်သည်။ ဤကဲ့သို့သော ဆုတောင်းခြင်းမျိုးသည် ကျွန်တော်တို့ အသက်တာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သင့်သည်။ ဆုတောင်းခြင်းနှင့် ပတ်သက်၍ **၁တိ၂း၁-၉** တွင်လည်း ညွှန်ကြားချက် ပေးထားကြောင်း တွေ့ရှိနိုင်သည်။ ယေရှုကလည်း ရှင်းလင်းသော ညွှန်ကြားချက်ကို ပဌနာတော်ထဲ၌ သွန်သင်ပေးထားသည်**(မာသဲ ၆း၉-၁၃၊ လုကာ ၁၁း၁-၄)**။ လူနှစ်ဦးသုံးဦးစုဝေး၍ သဘောတူစွာ ယေရှုနာမတော်ဖြင့် **(မဿဲ ၁၈း၁၈-၂၀)** ဆုတောင်းခြင်းသည် တိုင်းနိုင်ငံအတွက် အတိုင်းထက်အလွန် အကျိုးသက်ရောက်စေသည်။

ဤအချက် လေးချက်သည် ကနဦး အသင်းတော်၏ ပဌမလုပ်ငန်းဖြစ်၍၊ **အပိုဒ်ငယ်၄၆**တွင် ကျွန်တော်တို့အား ပြောခဲ့သည်မှာ၊ ဤချက် ၄ချက်ကို ဆက်လက် ကျင့်ဆောင်နေကြကြောင်း **"ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် တညီတညွတ်တည်း နေ၍ ကိုယ်အိမ်၌ မုန့်ကိုဖဲ့လျှက်"** တွေ့ရသည်။

**တမန်၂း၄၃-၄၇**တွင် ခရစ်ယာန် အသိုင်းအဝိုင်း၏ လုပ်ငန်းတာဝန်ပုံစံကို ဖော်ပြထားသည်။ ထိုအရာများမှာ - တစ်ဦးနှင့်တစ်ဦး ကူညီခြင်း၊ သူတပါးအား မျှဝေခံစားခြင်း၊ လူတစ်ဦး၏ လိုအပ်ချက်ကို ပံ့ပိုးခြင်းနှင့် ကိုယ့်အုပ်စုထဲတွင် အကူအညီပေးခြင်းများ လုပ်ဆောင်ကြသည်။ ထိုမှသာ အခြားအုပ်စု (သို့) ရပ်ကွက်ထံသို့ ရောက်ရှိ၍ ဘုရားသခင်သည် လူသစ်များကို ထပ်ဖြည့်ပေးမည်ဖြစ်သည်။

တပည့်တော်ဖြစ်ခြင်းသည် ကျွန်တော်တို့ မည်ကဲ့သို့ အသက်ရှင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ တပည့်တော်တို့သည် သမ္မာကျမ်းစာဖတ်ရန်၊ အတူတကွ မိတ်သဟာယဖွဲ့ရန်၊ မုန့်ဖဲ့ခြင်းနှင့် ဆုတောင်းရန် ဖြစ်ကြသည်။ ကျွန်တော်တို့သည် အသင်းတော်ဖြစ်သည်။ ဤအရာသည် အသင်းတော်၏ ဖြစ်တည်ခြင်းဖြစ်သည်။ ကျွန်တော်တို့၏ အသက်ရှင် နေထိုင်ပုံအားဖြင့် ကျွန်တော်တို့သည် မည်သူဖြစ်ကြောင်း ပြသပေးရမည်။ ဤအရာသည် လက်တွေ့ကျကျ ဖြစ်သောကြောင့် လူတို့သည် သင့်အသက်ရှင်ခြင်းအားဖြင့် ယေရှုနောက်လိုက်သူ ဖြစ်ကြောင်း မြင်တွေ့လာနိုင်မည်ဖြစ်သည်။

## ၂။ တပည့်တော်ဖြစ်ခြင်း၏ ဆောင်ရွက်ချက်များ။

**၂တိ၂း၂**တွင် တိမောသေအား ရှင်ပေါလုမှ လမ်းညွှန်ချက် ပေးထားကြောင်း တွေ့ရှိနိုင်သည်။ ထိုလမ်းညွှန်ချက်တွင် တပည့်တော်ဖြစ်ခြင်းသည် မျိုးဆက်တစ်ခုမှ တစ်ခုသို့ လွှဲပြောင်းခြင်းဖြစ်သည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ ယုံကြည်သူများကို တပည့်တော်အဖြစ် မွေးထုတ်ပြီး၊ အခြားသူများအား တပည့်တော်ဖြစ်စေရန် အမှုတော်မြတ်၌ ပါဝင်စေရမည်။ **"သက်သေခံအများ ရှိသည်နှင့် ငါ့ထံ၌ ကြားရပြီးသော အရာတို့ကို၊ သစ္စာနှင့် ပြည့်စုံ ၍ သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူတို့၌ အပ်ပေးလော့"**။

ဤအပိုဒ်ငယ်တွင် မတူညီသော လေ့ကျင့်ပေးခြင်းနှင့် ပညာဗဟုသုတ ပေးခြင်းရှိသည်။

- **တမန်တော်ဖြစ်သည့် ရှင်ပေါလုသည်** ယေရှုထံမှ ဖွင့်ပြခြင်းကို ရရှိခဲ့သည်။ တမန်တော်များသည် **"ပညာသတိဖြင့် တည်ဆောက်သောသူများ"** ဖြစ်ကြသည်**(၁ကော၃း၁၀)**။ အမှုတော်လုပ်ငန်း ဆောင်ရွက်ရာတွင် သူတပါးကို မွေးထုတ်၍ အမှုတော်မြတ်၌ ပါဝင်စေကြသည်။
- ရှင်ပေါလုသည် **အမှုတော်ဆောင်သူများ အဖွဲ့ကို** မွေးထုတ်ပေး၍၊ **"သက်သေခံအမြောက်အများ"** ထဲမှ တိမောသေသည် တစ်ဦးအပါအဝင်ဖြစ်သည်။
- ဤအမှုတော်ဆောင်သူများသည် သူတို့ခံယူခဲ့သော သွန်သင်ပေးချက်တို့ကို သစ္စာရှိသော ယောကျာ်း၊ မိန်းမထံသို့ လက်ဆင့်ကမ်းပေးရမည်။ ဘုရားသခင်ထံမှ ဆုကျေးဇူး ရခြင်းရှိသည် လုံလောက်မှုမရှိပါ။ အမှုတော်ဆောင် တစ်ဦးဖြစ်ရန် သင်တန်းတတ်ရောက်ရန် လိုအပ်သည်။ အမှုတော်ဆောင် လုပ်ငန်းအားလုံးသည် တပည့်တော်ဖြစ်စေခြင်းနှင့် ဆက်စပ်မှုရှိသည်။ သူတပါးကို သင်တန်းပေးခြင်းသည် အမှုတော်လုပ်ငန်း ဆောင်ရွက်စေနိုင်ရန် လုပ်ဆောင်ပေးခြင်း ဖြစ်သည့်အတွက် နိုင်ငံတော်၏ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို လူမျိုးအသီးသီးထံသို့ ရောက်စေမည်ဖြစ်သည်။
- သစ္စာရှိသော ယောကျာ်းမိန်းမကို သင်တန်းပေးခြင်းသည်၊ **အခြားသူများကို သွန်သင်ပေးသူအဖြစ်** ပြောင်းလဲစေမည်ဖြစ်သည်။ သင်တန်းပေးခြင်းကို ခံရသော အခြားသူများကို သွန်သင်ပေးသည့် မျိုးဆက်သစ်တို့သည် သစ္စာရှိသော ယောကျာ်းမိန်းမ မွေးထုတ်ခြင်းနှင့် ပြုစုပျိုးထောင်ပေးခြင်းမှ မရပ်တန့်သင့်ကြပါ။ စဉ်ဆက်မပျက်သွားရန် လိုအပ်သည်။ မျိုးဆက်သစ် တစ်ဦးစီတိုင်းကို တမန်တော်တို့ ဆုံးမသြဝါဒ သွန်သင်ပေးခြင်းအားဖြင့် သူတို့သည် အခြားသူများထံသို့ ပြန်လည်သွန်သင်ပေးကြမည်ဖြစ်သည်။

ဤအရာသည် တမန်တော်နှင့်ဆိုင်သော တပည့်တော် ဖြစ်စေခြင်းဖြစ်သည်။ ယေရှုသည် တမန်တော်တို့ကို မွေးထုတ်ပေး၍ တမန်တော်တို့သည်လည်း သက်သေအမြောက်အများ၊ အမှုတော်ဆောင်များထံသို့ လက်ဆင့်ကမ်း၍ သစ္စာရှိသော ယောကျာ်း၊မိန်းမတို့သည်လည်း မြောက်များစွာသော လူများထံသို့ သွန်သင်ပေးမည်ဖြစ်သည်။ တပည့်တော်ဖြစ်စေခြင်း၊ ဆောင်ရွက်ခြင်းသည် အမှုတော်ဆောင်သူများသည် အခြားသော မျိုးဆက်များထံသို့ သွန်သင်ပေးနိုင်ရန် သင်တန်းပေးခြင်းနှင့် တန်ဆာဆင်ပေးခြင်း ဖြစ်သည့်အတွက် ရပ်နားခြင်း မပြုသင့်ပါ။ ဤ "အခြားသောမျိုးဆက်"ကို ကောင်းမွန်စွာ တပည့်တော်ဖြစ်စေလျှင်၊ တပည့်တော် မွေးထုတ်ခြင်းသည် အသက်တာ၏ အပြုအမူဖြစ်လာကာ အခြားသော မျိုးဆက်သစ်များထံသို့ သွန်သင်ပေးခြင်းကို လက်တွေ့ ကျင့်သုံးလာမည်ဖြစ်သည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းအားဖြင့် အာဒံနှင့်ဧဝထံသို့ ပေးထားသော ဖန်ဆင်းခြင်း၏ တာဝန်ဝတ္တရားများကို ပြည့်စုံစေမည်ဖြစ်သည် **(ကမ္ဘာ ၁း၂၈)**။

## ၃။ တပည့်တော်ဖြစ်စေခြင်း၌ မှတ်သားရမည့် အချက်များ

**၁တိ၄း၁၃**တွင် ရှင်ပေါလုက ညီအစ်ကိုများ၏ အလယ်တွင် ပုံမှန်ဖော်ပြပေးရမည့် အရာသုံးမျိုးကို ဖော်ပြထား သည်။ ထိုအရာသုံးမျိုးမှာ - **"ငါမလာမီတိုင်အောင်၊ ကျမ်းစာကိုဖတ်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမဩဝါဒ ပေးခြင်းကို ကြိုးစား၍ ပြုလော့"**။ ဤအပိုဒ်ငယ်တွင် ဖော်ပြထားသော အချက်သုံးချက်သည် အသင်းတော်တွင် လက်တွေ့ကျင့်သုံးသင့်သည်။

- <u>ကျမ်းစာကိုဖတ်ခြင်း</u>- ဤအချက်သည် ကျမ်းစာကို အိမ်မှာ သီးသန့်ဖတ်ခြင်းထက်၊ လူတို့နှင့် အတူတကွ ဖတ်ခြင်းဖြစ်သည်။ လူတို့နှင့် အတူတကွ ဖတ်ရှုက်ခြင်းသည် စာမတတ်သော သူတို့အတွက် အင်မတန်မှ အရေးကြီးလှသည်။ စာမဖတ်တတ်သောသူအတွက် သမ္မာကျမ်းစာ သင်ယူနိုင်သည့် နည်းလမ်းတစ်ခုသည် လူတို့ရှေ့တွင် ကျမ်းစာဖတ်ခြင်းပင်ဖြစ်သည်။ သို့သော် ရှင်ပေါလု၏ ညွှန်ကြားချက်မှာ ကျွန်တော်တို့ အတူတကွ တွေ့ဆုံသည့်အခါ ဖတ်ရှုက်ရန် ညွှန်ကြားထားခြင်းဖြစ်သည်။
- <u>တိုက်တွန်းနိုးဆော်ခြင်း</u>- ဤအချက်သည် ဟောပြောခြင်း အမှုတော်လုပ်ငန်းဖြစ်၍ နှုတ်ကပတ်တော် အားဖြင့် ညီအစ်ကိုများကို **"ယုံကြည်ခြင်း၌ ဆက်လက်ရှင်သန်ရန်"** တိုက်တွန်း နိုးဆော်ခြင်းဖြစ်သည် **(တမန် ၁၄း၂၂)**။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းသည် နှုတ်ကပတ်တော် ဟောပြောချက်ကို ကြားနာခြင်းဖြစ်လာသည်**(ရောမ ၁၀း၁၇)**။
- <u>သွန်သင်ပေးခြင်း</u>- သမ္မာကျမ်းစာကို သစ္စာရှိစွာဖြင့် အသေးစိတ် ရှင်းပြပေးသောဆရာ ကျွန်တော်တို့ လိုအပ်သည်။ ထိုသို့ပြုလျှင်၊ **"နှုတ်ကပတ်တော်သည် သူတို့၌ ပညတ်တစ်ခုပေါ်မှာ တစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တနည်းပေါ်မှာတစ်နည်း။ တနည်းပေါ်မှာ တစ်နည်း" ဖြစ်လိမ့်မည်(ဟေရှာ၂၈း၁၃)**။ ရှင်ပေါလုသည် ကျွန်တော်တို့ကို **"အခြားသော အယူဝါဒကို မသွန်သင်ပေးရန်"** အကျောက်အကန်း ငြင်းဆိုထားသည်**(၁တိ၁း၃)**။ ကျွန်တော်တို့ လက်ခံရရှိသော သွန်သင်ပေးချက်ဖြစ်သည့် **"တမန်တော်များ၏ ဆုံးမဩဝါဒ"**ကို အခြားသူများထံသို့ လက်ဆင့်ကမ်းပေးရမည်**(တမန်၂း၄၂)**။

သမ္မာကျမ်းစာကို အသံကျယ်လောင်စွာဖတ်လျှင် လူတို့သည် နှုတ်ကပတ်တော်အတိုင်း ကြားနာနိုင်မည်ဖြစ်၍ သင်ယူနိုင်သည့်အပြင် နှုတ်ကပတ်တော်ကို အလွတ်ကျက်မှတ် နိုင်မည်ဖြစ်သည်။ တိုက်တွန်းနိုးဆော်ခြင်းနှင့် ဟောပြောခြင်းတို့သည် ညီအစ်ကိုများအတွက် နှစ်သိမ့်ခြင်းခွန်အား ယူဆောင်ပေးလာမည်ဖြစ်သည်။

သွန်သင်ခြင်းသည် တစ်နည်းပေါ်မှာ တစ်နည်း အသိပညာကို ယူဆောင်လာ၍ နှုတ်ကပတ်တော် နားလည်သဘောပေါက်ခြင်းကို ယူဆောင်လာမည်ဖြစ်သည်။

တပည့်တော်များ ဖြစ်စေရာတွင် နေအိမ် သို့မဟုတ် မိတ်သဟာယဖွဲ့ခြင်း အစည်းအဝေးမှ ကလေးများအတွက် အမြဲထည့်သွင်းထားရမည်။ ကလေးများကို ကျွန်တော်တို့ တပည့်တော် ဖြစ်စေကြပါသလား။ ကျွန်တော်တို့ ကျောင်းတော်သည် ကလေးများကို တပည့်တော် ဖြစ်စေကြပါသလား။

ဘုရားသခင်သည် သူ၏ အသင်းတော်၌ တပည့်တော် ဖြစ်စေခြင်းကို ထူထောင်စေလိုသည်။ အသင်းတော်သည် တပည့်တော်များ စုဝေးသော နေရာဖြစ်သည်။ ဤအရာသည် **စပျစ်ရည် ထည့်ထားသော သားရေဗူးသစ်**နှင့် ဆင်တူသည်။ တပည့်တော်ဖြစ်ခြင်းတွင် နှီးထမှုရှိနိုင်သည်။ အကယ်၍ ကျွန်တော်တို့သည် သားရေဗူးဟောင်းနှင့် စွဲကပ်နေလျှင် နှီးထမှု ဖြစ်လာနိုင်မည်မဟုတ်ပါ။ သင့်ကိုသင် တပည့်တော်ဖြစ်စေ၍ အခြားသူများအား တပည့်တော်ဖြစ်လာရန် ကူညီ၍ အခြားသူများအတွက် တပည့်တော်ဖြစ်စေခြင်း ပံ့ပိုးပေးပါ။ ၎င်းသည် အသင်းတော် တည်ထောင်ခြင်းဖြစ်သည်။

## ၄။ တပည့်တော် ဖြစ်စေခြင်း၏ ပန်းတုံးတိုင်

ဟော၂း၁၄တွင် **"အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်"**။ လုံလောက်သော လူတို့ကို တပည့်တော် ဖြစ်စေပြီးမှသာ ဤကမ္ဘာပေါ်တွင် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကို မြင်တွေ့ရမည်ဖြစ်၍ လောကမ္ဘာသည်လည်း ဘုရားသခင်၏ ဘုန်းတော်ဖြင့် ပြည့်စုံမည်ဖြစ်သည်။ ၎င်းသည် ယေဟောဝါ၏ ဘုန်းတော်ကို သိကျွမ်းခြင်းဖြစ်သည်။ ၎င်းသည် တပည့်တော်ဖြစ်စေခြင်း၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည်။ ညဏ်ပညာတစ်ခုရှိသည်၊ **"လောကီပညာကို မဆိုလို... ဘုရားသခင် စီရင်တော်မူသော ပညာ၊ နက်နဲသောအရာ၌ ဝှက်ထားသောဘုရားသခင်၏ ပညာ" ဖြစ်သည်(၁ကော၂း၆-၈)**။ ဘုရားသခင်၏ ဘုန်းတန်ခိုးတော် ပညာအကြောင်းကို သွန်သင်ပေးရန် ဖြစ်သည်။

ဖေက် ၄း၁၃တွင် **"ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီးတညွတ်တည်း ရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏ အရပ်တည်းဟူသော ကြီးရင့်သောသူအဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း"**။ ဤအချက်သည် တပည့်တော်ဖြစ်စေခြင်း၏ ပန်းတုံးတိုင်ဖြစ်သည်။ အကယ်၍ အမှုတော်ဆောင်ခြင်း၌ ဆုကျေးဇူးငါးမျိုးကို ကျွန်တော်တို့ ရရှိလျှင် ညီအစ်ကိုများကို အစေခံနိုင်မည်ဖြစ်၍၊ ရင့်ကျက်ခြင်းသို့ ကျွန်တော်တို့ ရောက်ရှိသွားမည်။

**ဖေက်၅း၂၆-၂၇ "ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက် ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြင့်၊ အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအား ဆက်သအံ့သောငှါ နှုတ်ကပတ်တော်၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်း စေမည်အကြောင်း၊ ထိုအသင်းတော်အဘို့ အလိုငှါ ကိုယ့်ကိုကိုယ် စွန့်တော်မူ၏"**။ ဤအချက်၏ ပန်းတိုင်မှာ ဂုဏ်ကျက်သရေရှိသော အသင်းတော်ဖြစ်သည်။ ဤအရာသည် နှုတ်ကပတ်တော် တည်းဟူသော ရေအားဖြင့် ဆေးကြောခြင်းဖြစ်၍၊ ထိုနှုတ်ကပတ်တော် ရေအားဖြင့် ကျွန်တော်တို့ကို သန့်ရှင်စင်ကြယ်စေကာ၊ ကျွန်တော်တို့သည် ဂုဏ်သရေရှိသော (သို့) ခမ်းနားကြီးကျယ်သော အသင်းတော်ဖြစ်လာသည်။

**ဟေဗြဲ၆း၁-၃**၏ ပန်းတိုင်သည် ပြည့်စုံခြင်းဖြစ်သည် **"စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့"**။ ထိုအကြောင်းကြောင့် ကျွန်တော်တို့ အုတ်မြစ်ချရန် လိုအပ်ခြင်းဖြစ်သည်**(ငယ် ၁-၂)**။ ထို့နောက် ဘုရားသခင်သည် စုံလင်ပြည့်စုံခြင်းသို့ သွားရန် ကျွန်တော်တို့ကို ခွင့်ပြုမည်ဖြစ်သည်**(ငယ်၃)**။ ဘုရားသခင်သည် သူ၏ အသင်းတော်ကို မည်သို့ တည်ဆောက်ရမည်ကို သိသည်။ သန့်ရှင်းမြင့်မြတ်သော အသင်းတော်ဖြစ်ရန် မည်သို့ ပြင်ဆင်ပေးရမည်ကို ဘုရားသခင်သိသည်။ သို့သော် ကျွန်တော်တို့သည် ပြည့်စုံခြင်း/စုံလင်ခြင်းသို့ ရောက်ရန် ဘုရားသခင်၏ ခွင့်ပြုချက် လိုအပ်သည်။ ထိုသို့ ဖြစ်လာရန် အခြေခံအုတ်မြစ် ကောင်းမွန်စွာ ချထားရန် လိုအပ်သည်။ ဤအရာသည် တပည့်တော် ဖြစ်စေခြင်း၏ အစပြုခြင်းဖြစ်၍ ယုံကြည်သူတို့အား ကောင်းမွန်စွာ သင်ကြားပေးရန် လိုအပ်သည်။ **"ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေ့ဦးစွာ သင်ရသော တရားနတို့ကို"** သွန်သင်ပေးရမည် **(ဟေဗြဲ၅း၁၂)**။

## ကျွန်တော်တို့အားလုံးသည် တပည့်တော်ဖြစ်ရန် လိုအပ်သည်။

တပည့်တော် ဖြစ်စေခြင်းသို့ ကျွန်တော်တို့ ဝင်ရောက်ပြီဆိုလျှင် ကောင်းမွန်စွာ သွန်သင်ပေးခြင်းနှင့် လေ့ကျင့် ပေးရန် လိုအပ်သည်။ ထိုမှသာ အသိပညာကို ရရှိ၍၊ သူတပါးတို့ကို သင်တန်းပေး (သို့) လေ့ကျင့်ပေးနိုင်မည်။ ထို့နောက် ယေရှုခရစ်တော်၏ တပည့်တော် တစ်ဦးကဲ့သို့ အသက်တာပြုမူခြင်း ရှိနိုင်မည်ဖြစ်သည်။ အသင်းတော်တပါး၏ သင်းဝင်တစ်ဦး၊ တစ်လတစ်ကြိမ် တွေ့ဆုံခြင်း သို့မဟုတ် တစ်ပတ်နှစ်ကြိမ် တွေ့ဆုံခြင်းသည် မည်မျှပင် ခက်ခဲ၍ ပျင်းရိစရာကောင်းသနည်း။ တပည့်တော်ဖြစ်ခြင်းကို မလုပ်ဆောင်၊ ညီအစ်ကိုများကိုလည်း တပည့်တော်ဖြစ်စေခြင်း နည်းလမ်းများကို လေ့ကျင့်/သင်တန်းပေးခြင်း မရှိသော အသင်းတော်သည် အလွန်ငြီးငွေ့စရာ ကောင်းလှသည်။

နပျိုသော မိဘများအား အသင်းတော်က မည်မျှ သင်တန်းပေးသနည်း။ မိသားစုထဲမှ ကလေးငယ်များကို မဆုံးမရခြင်းသည် လွန်စွာ စိုးရိမ်ပူပန်မိသည်။ တပည့်တော်နှင့် စည်းကမ်းဟူသော စကားလုံးသည် တူညီသော စကားလုံးမှ ဖြစ်လာကြသည်ကို သတိရပါ။ တပည့်တော် ဖြစ်စေခြင်းသည် တစ်မိသားစုလုံးအတွက် ဖြစ်သည်။ အကယ်၍ မိဘနှစ်ပါးသည် တပည့်တော်ဖြစ်လျှင် သူတို့၏ သားသမီးများကို တပည့်တော် ဖြစ်စေနိုင်မည် ဖြစ်သည်။

တပည့်တော်ဖြစ်ခြင်း လုပ်ဆောင်ခြင်းသည် ဘဝလမ်းစဉ် တစ်ခုဖြစ်သည်။ ၎င်းသည် အသစ်သော သားရေဗူးနှင့်တူသည်။ အသင်းတော်ဖြစ်ခြင်း၏ လမ်းစဉ်ဖြစ်၍ ကျွန်တော်တို့၏ သဘာဝအားဖြင့် ရရှိသည့် ဝိညာဉ်ပိုင်းဆိုင်ရာ သားသမီးတို့သည် ဘုရားသခင် သိကျွမ်းခြင်း၌ ကြီးထွားရင့်ကျက်စေနိုင်သည်။ ကောင်းကြီးမင်္ဂလာခံစား၍ ကိုယ်တော်ဘုရား၌ ဆက်လက်ကြီးထွားကာ၊ အချိန်တန်လျှင် သူတပါးတို့အား တပည့်တော် ဖြစ်စေပါ။